# တရုတ်-မြန်မာ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆွေးနွေးပွဲကျင်းပ [1]

Posted on 31 January 2018

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကြား ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ရန် ရည်ရွယ်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် Renaissance Institute Myanmar တို့ ကြီးမှူးကျင်းပသည့် မြန်မာ-တရုတ် နှစ်နိုင်ငံ ရင်းနှီး မြှုပ်နှံမှုမြှင့်တင်ရေးဆွေးနွေးပွဲ အခမ်းအနားကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့ နံနက်ပိုင်း တွင် Lotte Hotel ရန်ကုန်မြို့၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူးနှင့် China Kumming South Asia & Southeast Asia International logistics Research

Institute(SSILR)မှ ဥက္ကဋ္ဌ ဖြစ်သူ Mr. Liu Jinxin တို့က အဖွင့်အမှာ စကားပြောကြားခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်  ဦးအောင်နိုင်ဦးမှ မြန်မာနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုဝန်းကျင်များ ခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေး ခဲ့ပါသည်။

© Copyright DICA 2021. All rights reserved.

Made by Inspiral Creative